# ဆွမ်း သင်္ကန်း ကျောင်း ဆေး ပစ္စည်းလေးပါးတို့ကို ပစ္စဝေက္ခဏာဆင်ခြင်ခြင်း

အသက်ရှည်စွာ ဘေးရာဂါတို့ ကိုယ်မှာမကပ် ပရိယတ်နှင့် ပဋိပတ်ရေး မျှော်ထောက်တွေး၍ ဤဆေးဤဆွမ်း ဤသင်္ကန်းနှင့် ရှင်လန်းဖွယ်ကောင်း ဤစံကျောင်းကို မှီအောင်းသုံးစွဲပါသတည်း။

## ဆွမ်းဒကာ ဒကာမများနှင့် ဝေယျာဝစ္စပြုလုပ်သူများကို မေတ္တာပို့ခြင်း

ဆွမ်းဒကာ ဒကာမအလှူရှင်တွေ ဘေးရန်ကင်းကြပါစေ၊
စိတ်ဆင်းရဲခြင်း ကင်းကြပါစေ၊
ကိုယ်ဆင်းရဲခြင်း ကင်းကြပါစေ၊
ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာဖြင့်
မိမိတို့ခန္ဓာဝန်ကို
ကောင်းစွာဆောင်နိုင်ကြပါစေ။

ကုသိုလ်ဝေယျာဝစ္စပြုလုပ်သူတွေ ဘေးရန်ကင်းကြပါစေ၊
စိတ်ဆင်းရဲခြင်း ကင်းကြပါစေ၊
ကိုယ်ဆင်းရဲခြင်း ကင်းကြပါစေ၊
ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာဖြင့်
မိမိတို့ခန္ဓာဝန်ကို
ကောင်းစွာဆောင်နိုင်ကြပါစေ။